# မုန်တိုင်း

မီဒီယာတွေက စကားရောင်း စကားဝယ်လုပ်ကြတယ်
တခါတရံမှာတော့လည်း
စကားရောင်း စကားဝယ်လုပ်တယ်ဆိုတာ
အဓိပ္ပါယ်ရှိပါတယ်။

အလကားပါ
ဘယ်သူရေးဆွဲပေးတဲ့ မြေပုံကိုမှ
သူတို့မယုံကြည်ပါဘူး၊
လူထုဟာ
သူ့တို့လျှောက်ရမယ့်လမ်းအတွက်
ကိုယ်ပိုင် မြေပုံရှိတယ်။

လူထုဟာ အကြောက်တရားဖိစီးနေတယ်
လူထုဟာ စားဝတ်နေရေးကိစ္စပဲ လုံးပမ်းနေရတယ်
လူထုဟာ နိုင်ငံရေးကို စိတ်မဝင်စားနိုင်တော့ဘူးတဲ့လား ...
ကျနော်တို့ သည်းခံရပေါင်းများပြီ
လူကြီးမင်းဆိုသူများ ဝေးရာသွားနေကြပါ။

သေချာလာတယ်
ကြည့်ရှင်းတောက်ပလာတယ်
လူထုဟာ သမိုင်းကို ဖန်တီးတယ်
သမိုင်းဟာ အညာတာကင်းတယ်
ပဋိပက္ခရှိမှ တိုးတတ်တယ်။

ဒါဟာ
သူသေ ကိုယ်ရှင် တိုက်ပွဲဖြစ်တယ်
လှိုင်းတံပိုးတွေပြင်းထန်တယ်
တိုက်ရဲသူတွေရဲ့ရှေ့မှာ
စစ်အုပ်စုဟာ ဒူးထောက်ရလိမ့်မယ်။

ညိုထက် (လမ်းသစ်ဦး)